

Translator-Akkhara Team
နတ်ဆိုးများကို ဖူးဖောက်စေသူ
စာစဥ်-၄

# နတ်ဆိုးများကို ဒူးထောက်စေသူ
# အခန်း (၃၁) အားမနာပါနဲ့

*

ကျန်းဖေးဟုန်းက အေးစက်စွာ နှာခေါင်းရှုံ့လိုက်သည်။

"လွှီရှင်းကျား... ငါ့ကို မျက်နှာထောက်ထားပြီး အဲဒီကောင်လေးကို ငါ့လက်ထဲ အပ်စမ်းပါ"

"သူက ငါ့မြေးကို ပြင်းပြင်းထန်ထန် ဒဏ်ရာရအောင် လုပ်ခဲ့တာ... ငါ့မြေးအတွက် တရားမျှတမှု ပြန်လိုချင်တယ်"

လွီရှင်းကျားက ထိုစကားကို ကြားလိုက်ရသည့် အခါ အလွန်အံ့အားသင့်သွားသည်။ သူမက လု ချန်ဘက်သို့ မလှည့်ကြည့်ဘဲ မနေနိုင်တော့ပေ။

"လုချန်... ဘာတွေ ဖြစ်နေတာလဲ"

ထို့နောက် လုချန်က ဖြစ်ကြောင်းကုန်စင်ကို ရှင်းပြလိုက်သည်။ အဖြစ်အပျက်တစ်ခုလုံးကို နားထောင်ပြီးနောက် လွီရှင်းကျားက အေးစက်စွာ ရယ်မောလိုက်သည်။

"ဟား... ငါကတော့ ကြီးကြီးမားမား ရန်ငြိုးတွေ ရှိနေတယ် ထင်နေတာ"

"ကျန်းဖေးဟုန်း... မင်းမြေးက စစ်သည်တော် တစ်ယောက်ကို အရင်လာရန်စတာ ရှင်းနေတာ ပဲလေ... ဘယ်လိုအကြောင်းပြချက်နဲ့ တရားမျှတမှုကို တောင်းဆိုနေတာလဲ"

ထိုစကားကို ကြားသောအခါ ကျန်းဖေးဟုန်း၏ မျက်လုံးများက ရုတ်တရက် ပြူးကျယ်သွားသည်။

"မင်း ဘာတွေ လျှောက်ပြောနေတာလဲ... ဘယ်က စစ်သည်တော်လဲ... သူက ပါရမီနိုးထတာ သုံးရက်ပဲ ရှိသေးတာလေ မင်း ဘယ်သူ့ကို လာလိမ်နေတာလဲ"

ယခုအခါ မျက်လုံးပြူးရမည့်အလှည့်က လွီရှင်းကျားနှင့် အဖွဲ့ဝင်များက ဖြစ်သွားသည်။

"ဘာ... လုချန်က ပါရမီနိုးထတာ သုံးရက်ပဲ ရှိသေးတာ ဟုတ်လား"

သူတို့အားလုံး လုချန်ကို ဝိုင်းကြည့်လိုက်ကြသည်။ လုချန်၏ မျက်လုံးများထဲတွင်တော့ ကူကယ်ရာမဲ့ဟန်များဖြင့် ပြည့်နှက်နေသည်။ သူက

နှာခေါင်းကို ပွတ်လိုက်ကာ ရှက်ကိုးရှက်ကန်း ဖြင့် ခေါင်းညိတ်ပြလိုက်သည်။ ချက်ချင်းပင် လှိုင်း ရှင်းကျားက တဟားဟားနှင့် အရူးအလား အော်ဟာစ်ရယ်မောတော့သည်။

"ဟားဟားဟား ဒါကြောင့်ကိုး... ကြီးကြပ်ရေး မှူးချုပ်က မြို့ပြင်ပထမဆုံး အမဲလိုက်ခရီးစဉ် မှာ မင်းကို စောင့်ရှောက်ပေးဖို့ ငါတို့အဖွဲ့ကို ကိုယ်တိုင်ကိုယ်ကျ တောင်းဆိုခဲ့တာကိုး"

"ငါတို့တော့ ရွှေတွင်းကြီး တွေ့ပြီဟေ့ ပါရမီရှင် လေးကို ငါတို့အဖွဲ့ထဲ ရလိုက်ပြီ ဟားဟားဟား"

မီးပွားအဖွဲ့၏ အခြားအဖွဲ့ဝင်များသည်လည်း စိတ်လှုပ်ရှားလွန်း၍ စကားပင် မဆိုနိုင်တော့ ပေ။ တစ်ဖက်တွင်မူ ကျန်းဖေးဟုန်းက ကျောက်ရုပ် သို့မဟုတ် သစ်သားရုပ်ကြီးအလား

တောင့်တောင့်ကြီး ရပ်နေမိသည်။ သူက ထိတ်လန့်တုန်လှုပ်စွာဖြင့် အော်ဟစ်လိုက်သည်။

"ဘာ... မန်နေဂျာချိုက်က လုချန်တစ်ယောက်တည်းအတွက် ဒီအမဲလိုက်ခရီးစဉ်ကို ကိုယ်တိုင် စီစဉ်ပေးခဲ့တာလား... ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ"

သူ၏ ဂုတ်ပိုးပေါ်တွင် ချက်ချင်းပင် ချွေးအေးများ စိမ့်ထွက်လာသည်။ မန်နေဂျာချိုက်က မည်သို့သော ပုဂ္ဂိုလ်မျိုးဖြစ်သည်ကို သူ ကောင်းကောင်းသိသည်။ ထိုသူက အဆင့်C စစ်သည်တော်တစ်ဦးဖြစ်ပြီး အစစ်အမှန် ပညာရှင်ကြီးတစ်ဦး မဟုတ်ပါလား။ လီရှင်းကျားက မှင်သက်နေသော ကျန်းဖေးဟုန်းကို ကြည့်ကာ လှုယုတ်မာဆန်သော အပြုံးဖြင့်

ရယ်မောလိုက်သည်။

"ဟေး… အစ်ကိုကြီးကျန်း… ခင်ဗျားက ခင်ဗျား လူတွေကို အရမ်းကာကွယ်တတ်ပြီး မျိုးဆက်သစ်တွေကို ချစ်တတ်မှန်း ကျုပ်သိပါတယ်… ခင်ဗျားမြေး အထိုးခံရတာကို ဒီအတိုင်း ကြည့်မနေနိုင်ဘူး မဟုတ်လား"

"ကဲ… အခု လုချန်ကို ခင်ဗျားလက်ထဲ အပ်လိုက်ပြီ… ခင်ဗျား စိတ်ကြိုက် ဆုံးမနိုင်ပြီဗျို့"

လုချန်က ထိုစကားကို ကြားသောအခါ ကြောင်အမ်းသွားသည်။ သူက ထိုစကားမျိုး မမျှော်လင့်ထားပေ။ အဖွဲ့ခေါင်းဆောင်က ဒီလောက်ထိ စည်းကမ်းကြီးတဲ့သူဖြစ်ပြီး စကားပြောတာကတော့ တကယ့်ကို ရယ်စရာကောင်းလှသည်။ အကယ်၍ သူမမျက်နှာပေါ်က လှောင်ပြောင်

သည့် အပြုံးသာ မရှိလျှင် တစ်ဖက်လူက အတည်ပြောနေသည်ဟု သူ အမှန်တကယ် ယုံကြည်မိပေလိမ့်မည်။

ကျန်းဖေးဟုန်းနှင့် သူ၏ နောက်ကွယ်မှ အဖွဲ့ဝင်များမှာမူ ပိုးဟပ်အရှင်လတ်လတ်ကို မြိုချလိုက်ရသည့်အလား မျက်နှာများ ဖြူလျော်နေကြသည်။ ကျန်းဖေးဟုန်းက လည်ချောင်းများ ခြောက်ကပ်လာသလို ခံစားလိုက်ရသည်။ ထို့နောက် သူက အတင်းအကျပ် ပြုံးလိုက်ရင်း ပြောသည်။

"ဟဲဟဲ… အစ်ကိုကြီးလို့… ခင်ဗျားကလည်း ဘာတွေ ပြောနေတာလဲ"

"သခင်လေးလုက ကြည့်ရတာတင် ဖြောင့်မတ်မှန်ကန်တဲ့သူဆိုတာ သိသာပါတယ်… အားနည်း

သူ့ကို နှိပ်စက်မယ့် လူစားမျိုး မဟုတ်ပါဘူး"

"သူ ဘာမှမှားတာ မလုပ်ခဲ့တာ သေချာပါတယ်... အားလုံးက ကျုပ်ရဲ့ အသုံးမကျတဲ့ မြေးကြောင့်ပါ... သူက လူကုံထံကို မမှတ်မိဘဲ အရင်သွားရန်စခဲ့တာ... ကျုပ် ပြန်ရောက်ရင် သူ့ကို သေချာပေါက် သင်ခန်းစာပေးလိုက်ပါ့မယ်"

"ကျုပ်ရဲ့ သားမြေးတွေက အကျင့်စာရိတ္တ မကောင်းတာ ကျုပ်ရဲ့ အဖိုးတစ်ယောက်အနေနဲ့ ညံ့ဖျင်းမှုကြောင့်ပါ"

ထို့နောက် သူက လုချန်ကို ကြည့်ကာ တည်ကြည်သော မျက်နှာထားဖြင့် ပြောလိုက်သည်။

"သခင်လေးလု... အရင်က ဖြစ်ခဲ့တာတွေက နားလည်မှုလွဲသွားတာပါ... ကျေးဇူးပြုပြီး

ခွင့်လွှတ်ပေးပါ"

"ဒါကတော့ ဒီနေ့ ကျုပ်တို့ ဖမ်းမိခဲ့တဲ့ အဆင့်E အဆင့်-၆ သားကောင်ပါ... ဒါက သခင်လေး အတွက် တောင်းပန်တဲ့အနေနဲ့ရော သခင်လေးရဲ့ ပထမဆုံး မြို့ပြင်ခရီးစဥ်အတွက် ဂုဏ်ပြုတဲ့ အနေနဲ့ရော ပေးတာပါ... ကံကောင်းပါစေ"

လို့ရှင်းကျားက ထိုလက်ဆောင်ကို လက်မခံဘဲ လုချန်ဘက်သို့ လှည့်ကြည့်လိုက်သည်။ နောက်ဆုံးတော့ ဒါက လုချန်၏ ကိုယ်ရေးကိုယ်တာ ရန်ငြိုးဖြစ်သည် မဟုတ်ပါလား။ လုချန်က ပြုံးလျက် ရှေ့သို့ လှမ်းတက်လိုက်ပြီး ပြောလိုက်သည်။

"စီနီယာကျန်း... ခင်ဗျားက အရမ်း သဘောကောင်းတာပဲ... ကျန်းကော်နဲ့ ကျွန်တော်

က အတန်းဖော်တွေပဲလေ... ဒီလောက်ထိ အားနာနေဖို့ မလိုပါဘူး"

"ကျန်းကော်ကိုလည်း ကျွန်တော့်ကိုယ်စား နှုတ်ဆက်ပေးပါဦး"

ထို့နောက် သူက မျက်တောင်တစ်ချက် မခတ်ဘဲ ထိုသားကောင်ကို လှမ်းယူလိုက်သည်။

ကျန်းဖေးဟုန်း၏ မျက်နှာက ရှုံ့မဲ့သွားသော်လည်း အတောက်ပဆုံး အပြုံးကို ဆက်လက်ထိန်းထားဆဲ ဖြစ်သည်။ သူ၏ ယွမ်သန်း ၈၀ တန်ဖိုးရှိသော ပစ္စည်းမှာ မျက်စိရှေ့တွင် ပါသွားသည်။ သို့သော် ဘာတတ်နိုင်မှာလဲ။ သူကိုယ်တိုင်ပဲ ထုံအတဲ့မြေးကို မွေးထားမိသည်။ ထိုက်တန်တဲ့ တန်ဖိုးကိုတော့ ပေးဆပ်ရမှာပင်။

နှစ်ဖွဲ့လုံး လမ်းခွဲသွားပြီးနောက် မီးပွားအဖွဲ့သား များမှာ တဟားဟားနှင့် အော်ရယ်ကြတော့သည်။ ထုံကျီလီဆိုလျှင် ဗိုက်ကိုနှိပ်ကာ မြေပြင်ပေါ် လူးလှိမ့်နေတော့သည်။ လုချန်လည်း သူတို့နှင့်အတူ ရယ်မောနေမိသည်။ လီရှင်းကျားက လုချန်၏ ပခုံးကို ပုတ်ကာ ပြောလိုက်သည်။

"ညီလေး... မင်း အောင်မြင်သွားတဲ့အခါ မင်းရဲ့ အစ်ကိုကြီးကို မမေ့လိုက်နဲ့ဦးနော်"

လုချန်က ပြုံးလျက် ပြောလိုက်သည်။

"ခေါင်းဆောင်ကလည်း... ဘယ်လိုလုပ်မေ့မှာလဲ... ခင်ဗျားက ကျွန်တော် ပထမဆုံးဝင်ခဲ့တဲ့ အမဲလိုက်အဖွဲ့ရဲ့ခေါင်းဆောင်ပဲလေ"

"စကားပုံ ရှိတယ်မဟုတ်လား... တစ်ရက်ဆရာ

တစ်သက်ဆရာ ဆိုသလိုပေါ့... တစ်ခါ ခေါင်းဆောင်ဖြစ်ဖူးရင် အမြဲတမ်း ခေါင်းဆောင်ပါပဲ... နောင်တစ်ချိန် ကျွန်တော် အောင်မြင်သွားရင် ခင်ဗျား ကျွန်တော့်အကြောင်းကို လျှောက်ကြွားလို့ရပြီ... ဒါကိုကြည့်ပြီး ချောမောတဲ့ အစ်မကြီးတွေ ခင်ဗျားကို စိတ်ဝင်စားလာရင် စိတ်ဝင်စားလာမှာပေါ့"

သူ့လေသံက အလွန်တည်ကြည်လေးနက်နေသည်။ လှိုင်းရှင်းကျားမှာမူ လုချန်၏ စကားကြောင့် မျက်နှာရှုံ့မဲ့သွားကာ ချောင်းဟန့်လိုက်သည်။

"ကဲ... ထားလိုက်ပါတော့... အခု ခဏနားလိုက်ဦး နောက်နာရီဝက်နေရင် ငါတို့ စထွက်မယ်"

နာရီဝက်အကြာတွင် သူတို့က စခန်းချရာနေရာ

တွင် လမ်းကြမ်းကားကို ရပ်ထားခဲ့ကာ တော ရိုင်းထဲသို့ ခြေကျင် ဝင်ခဲ့ကြသည်။ တောအုပ် တစ်ခုထဲ ရောက်သည်နှင့် သားရဲများ၏ ဟိန်းဟောက်သံများက တောအုပ်တစ်ခုလုံး ဟိန်းထွက်နေသည်။

လုချန်က အလွန်စိတ်လှုပ်ရှားနေမိသည်။ ဤ သည်မှာ သူ၏ ပထမဆုံး အစစ်အမှန် တိုက်ပွဲ ဖြစ်သည်။ ဆယ်မိနစ်ခန့် ရှာဖွေပြီးနောက် ရှေ့ တွင် မီးတောက်အရိုပ် ကျားသစ်အုပ်စုကို တွေ့ လိုက်ရသည်။ သာမန်ကျားသစ်များက တစ် ကောင်တည်း နေတတ်သော်လည်း ဤမျိုး ပြောင်း မီးတောက်အရိုပ် ကျားသစ်များမှာမူ ဆင့်ကဲပြောင်းလဲလာခဲ့ကြသည်။

လှီရှင်းကျားက ပစ်မှတ်ကို ချက်ချင်း သတ်မှတ်

လိုက်ကာ အဖွဲ့ဝင်များကို တာဝန်ခွဲဝေပေးလိုက်သည်။ လုချန်အတွက်မူ အဆင့်F ပထမအလွှာ မီးတောက်အရိုပ် ကျားသစ်တစ်ကောင်ကို သတ်မှတ်ပေးခဲ့သည်။

"လုချန်... သွားတော့" လွီရှင်းကျားက ပြောလိုက်သည်။ "စိတ်မလှုပ်ရှားနဲ့... တိုက်ခိုက်ဖို့ပဲ အာရုံစိုက်ထား"

ဤအခိုက်အတန့်တွင် လုချန်က သူ၏ သွေးများ ဆူပွက်လာသလို ခံစားလိုက်ရသည်။ သူက ထို ကျားသစ်ထက် အများကြီး ပိုသန်မာသော်လည်း ဤသည်မှာ သားရဲတစ်ကောင်နှင့် သူ၏ ပထမဆုံး ရင်ဆိုင်မှု ဖြစ်သည်။ သူက ကမ္ဘာနှစ်သွယ် ဓားကို ဆွဲထုတ်လိုက်သည်။ သူ၏ စွမ်းအားကို အဆင့်F ပထမအလွှာ စစ်သည်တော် အဆင့်သို့

လျှော့ချလိုက်ပြီးနောက် မီးတောက်အရိပ်ကျားသစ်ဆီသို့ ပြေးဝင်သွားတော့သည်။

ဤမျိုးပြောင်းသားရဲများကို ကပ်ဘေးကြီး၏အချစ်တော်များဟု ခေါ်ဆိုနိုင်သည်။ သူတို့တွင် ထူးခြားသော အားသာချက်ရှိသည်။ သားရဲတစ်ကောင်က အဆင့်F သားရဲအဖြစ် ဆင့်ကဲပြောင်းလဲသွားသည်နှင့် ဓာတ်သဘာဝစွမ်းအားများကို ချက်ချင်း အသုံးပြုနိုင်သည်။ သို့သော် လူသားများမှာမူ ထိုသို့မဟုတ်ပေ။ လူသားစစ်သည်တော်များက အဆင့်D ရောက်မှသာ ဓာတ်သဘာဝစွမ်းအားကို သုံးနိုင်သည်။

ထို့ကြောင့် ပုံမှန်အခြေအနေတွင် အဆင့်တူသားရဲတစ်ကောင်က အဆင့်တူ လူသားစစ်သည်တော် သုံးလေးယောက်ကို အလွယ်တကူ

ကိုင်တွယ်နိုင်သည်။ လှိုင်းရှင်းကျားက လုချန်ကို မီးတောက်အရိပ် ကျားသစ်နှင့် အရင်တိုက်ခိုင်းရ ခြင်းမှာ လုချန်၏ ပါရမီက မည်မျှအထိ ရှိသည် ကို သိချင်သောကြောင့် ဖြစ်သည်။ သူ၏ တက ယ့်လက်တွေ့တိုက်ခိုက်ရေးစွမ်းရည်မှာ မည်သို့ရှိ သနည်း။

အဖွဲ့ဝင်အားလုံးက လုချန်ကို ဝိုင်းဝန်းကြည့်ရှု နေကြသည်။ အကယ်၍ လုချန် တစ်ယောက်တည်း မဖြေရှင်းနိုင်ပါက သူတို့ ချက်ချင်း ဝင်ရောက်ကူညီကြမည် ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ကြီးကြပ်ရေးမှူး ချိုက် ကျိုကွမ်က လုချန်ကို ကာကွယ်ရန် သူတို့ကို အထူးမှာကြားထားသောကြောင့် ဖြစ်သည်။

***